# မီးခိုး အချက်ပြကိရိယာများ

ဗစ်တိုးရီးယားပြည်နယ်ရှိ အားလုံးသော နေထိုင်ရာအိမ်များတွင် ကောင်းမွန်နေသည့် မီးခိုး အချက်ပြကိရိယာများ တပ်ဆင်ရမည်။

မီးခိုး အချက်ပြကိရိယာများကို အားလုံးသော အိပ်ခန်းများနှင့် ဧည့်ခန်းနေရာများ၌ တပ်ဆင်ရလိမ့်မည်။

CFA နှင့် MFB တို့သည် 10 နှစ်ခံ-လီသီယမ် ဘက်ထရီဖြင့်လည်ပတ်သည့် မီးခိုး အချက်ပြကိရိယာများကို တပ်ဆင်ရန်အကြံပြုပါသည်။







## လစဉ် စစ်ဆေးပါ

- ခလုတ်ကို နှိပ်ပါ
- အချက်ပေးအသံ သုံးကြိမ်မြည်လာသည်အထိ ခလုတ်ကို နှိပ်မြဲနှိပ်ထားပါ

## နှစ်စဉ် ဖုန်ခါပေးပါ

- မီးခိုး အချက်ပြကိရိယာ အဖုံးတစ်ဝိုက် ဖုန်ခါပေးပါ သို့မဟုတ် ဖုန်စုပ်စက်ဖြင့်စုပ်၍ ဖုန်ခါပေးပါ
- အကယ်၍ လိုအပ်လျှင် သင့် မီးခိုး အချက်ပြကိရိယာ ဘက်ထရီကို နှစ်စဉ် လဲပေးပါ

## 10 နှစ်တိုင်း လဲပေးပါ

- အားလုံးသော မီးခိုး အချက်ပြကိရိယာများ (ဓါတ်ကြိုးဖြင့်တွဲထားသောကိရိယာ နှင့် မတွဲထားသော ကိရိယာ) ကို လဲပေးရန်လိုအပ်သည်

2019 ခုနှစ်၊ မတ်လ

# ကျွန်ုပ်၏ မီးခိုး အချက်ပြ ကိရိယာကို မည်သည့်နေရာတွင် ကျွန်ုပ် တပ်ဆင်ရမည်နည်း။

- မီးခိုး အချက်ပြကိရိယာများကို နံရံမှ အနည်းဆုံး 30 စင်တီမီတာ အကွာ မျက်နှာကြက်ပေါ်တွင် တပ်ဆင်သင့်ပါသည်။
- မီးခိုး အချက်ပြကိရိယာများမှာ အိပ်စက်ရာနေရာ တစ်ခုစီနှင့် ကျန်ရှိသည့်တစ်အိမ်လုံး အကြား၌ ရှိရမည်။
- အပို မီးခိုး အချက်ပြကိရိယာများမှာ အားလုံးသော အိပ်ခန်းများအတွင်း၌ ရှိသင့်သည်။
- မီးခိုး အချက်ပြကိရိယာများကို တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားရန် ကျွန်ုပ်တို့ အကြံပြုပါသည်၊ သို့မှသာ မီးခိုး အချက်ပြကိရိယာ တစ်ခုခု အသံမြည်လာသည့်အခါ မီးခိုး အချက်ပြ ကိရိယာအားလုံး အသံမြည်လာမည်ဖြစ်သည်။
- မီးခိုး အချက်ပြ ကိရိယာများသည် ဩစတြေးလျန်း စံနှုန်း AS3786 နှင့်ကိုက်ညီရမည်။

Certified Product
Australian Standard

■ အိပ်စက်ရာနေရာများနှင့် ကျန်ရှိသည့်တစ်အိမ်လုံး အကြား တပ်ဆင်ရမည်

● အပို မီးခိုး အချက်ပြကိရိယာများကို အားလုံးသော အိပ်ခန်းများအတွင်း၌ ရှိသင့်သည်

